## ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

## ၁၅ ရက်မြောက်နေ့ အစီအစဉ်

## [ ၂၈–၁၀–၂၀၁၃] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်(ကိုယ်စား) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် နိုင်ငံတကာ လေကြောင်းလိုင်း၏ လေယာဉ်များဆင်းရန် အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့၊ ကဒူးကြီး(ဈေးတန်း)ရွာ၊ နားဟီးကျေးရွာနှင့်ဗန်းမက်ကျေးရွာတို့၌ ကျေးလက်ကျန်းမာရေးဌာနခွဲများ ခွဲဝေခန့်ထား၍ ကျေးလက်လူထု ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်မည့် အစီအစဉ်များကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **မိတ္ထီလာမြို့နယ်တွင် စက်နှင့် ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်များထားပေးရန်နှင့် မိတ္ထီလာမြို့နယ်ဆေးရုံအား အဆင့်မြှင့်တင်၍ ကင်ဆာဓာတ်ကင်စက် များ တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ **ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတွက် သက်ဆိုင်ရာ တည်ဆဲဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြန်လည် ပြုစုပြဋ္ဌာန်းရန်နှင့် ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးနိုင်မှု အခြေအနေ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **ရွှေငါးဖမ်းခြင်းကဲ့သို့သော လောင်းကစားနည်းများကို လောင်းကစားဥပဒေနှင့် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးသိန်းညွန့်၊ သဃင်းကျွန်း မဲဆန္ဒနယ်၏ **သဃင်းကျွန်းမီးသတ်စခန်းအား မီးသတ်စခန်းအဆင့်(က)အဖြစ် တိုးမြှင့်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **" မြန်မာအထူး စီးပွားရေးဇုန်ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **" မြန်မာအထူး စီးပွားရေးဇုန်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲမှု ရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြ သင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၆ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။